# ၂၀၁၀: လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲကို ဖေါ်ဆောင်နိုင်ပါ့မလား? (ထွန်းအောင်ကျော်)

နိုင်ငံခြားလွှမ်းမိုးမှုကို အမြဲကြောက်လန့်နေသည့် စစ်ဗိုလ်ချုပ်များသည် ရွေးကောက်ပွဲကော်မရှင် ဥပဒေ ၁/၂၀၁၀ နှင့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခွင့် ဥပဒေ ၂/၂၀၁၀ ကို မတ်လ (၈) ရက်နေ့မှာ ထုတ်ပြန်ခဲ့သည်။ ပြည်သူတို့ရွေးကောက်ပွဲကိုမည်သို့မည်ပုံပြုလုပ်မည်ကို သိလိုဇောဖြင့် စောင့်မျှော်နေကြသည်မှာ ၂၀၀၈ ခုနှစ် အတွင်းမှပင်ဖြစ်သော်လည်းရွေးကောက်ပွဲဥပဒေ၊နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့်တို့ကို မတ်လတွင်မှ ထုတ်ပြန် ကြေငြာနိုင်ခဲ့ပေသည်။သို့ရာတွင်ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်ကိုမူယနေ့ထက်တိုင်နအဖမှ မကြေငြာသေး ဘဲ ရှိနေသေးသည်။ ယခုထုတ်ပြန်ခဲ့သော ဥပဒေတို့ကို လေ့လာကြည့်သည့် အခါ မြန်မာ့နိုင်ငံရေး တွင် ထူးခြားသည့် အလှည့်အပြောင်း ဖြစ်နိုင်ချေ နည်းပါးလှသည်ကို စဉ်းစားသုံးသပ်မိပါသည်။

ရွေးကောက်ပွဲ ကော်မီရှင် ဥပဒေအရ ကော်မီရှင် အဖွဲ့ဝင်များနှင့် ဥက္ကဌသည် အချက် (၆) ချက်ပါ အရည်အချင်းနှင့်ပြည့်စုံရမည်ဖြစ်သည်။ ၎င်း (၆) ချက်ထဲမှ (၂)အချက်သည် မေးခွန်း ထုတ်စရာ အချက် ဖြစ်သည်။၎င်းမှာကော်မရှင်အဖွဲ့ဝင်များသည်ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ် အဖြစ်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကယူဆသူဖြစ်ရမည်" ၊ ဤအချက်သည် မည်သို့သော ပေတံဖြင့် နအဖက ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်ကို တိုင်းတာမည် နည်းဟုသိချင်ပါသည်။ဂုဏ်သတင်းထင်ပေါ်ကျော်ကြားသည့်သူဆိုသည်မှာပြည်သူတို့ကိုကူညီစောင်မသူမျိုးကို ပြည်သူတို့ကချစ်မြတ်နိုးကြသည်၊ ဥပမာ လူရွှင်တော် ဇာဂနာသည် ပြုသူတို့၏ အချစ်တော်ဖြစ်သည်၊ပြည်သူတို့၏နစ်နာချက်များကိုဖွင့်ထုတ်သဖြင့် အကြိမ်ကြိမ် အဖမ်းအဆီးခံရသူဖြစ်သည်။ လူရွှင်တော်အဖြစ်ကျော်ကြားသလိုပြည်သူ့နစ်နာချက်များကိုဖွင့်ထုတ်တတ်သဖြင့်လည်း ဂုဏ်သတင်းမွှေးသည့် ပြည်သူချစ်သားတယောက်ဖြစ်ပါသည်။သို့ရာတွင်နအဖသည်အများကြည်ညိုလေးစားသည့်ဇာဂနာခေါ်ကိုသူရ ကိုရန်သူအဖြစ်မြင်သည်။ထို့အတူရုပ်ရှင်မင်းသားကိုကျော်သူသည်လည်း၎င်းတို့၏အခမဲ့နာရေးပို့ဆောင်ကူညီ ရေးအသင်းကြောင့်လူရိုသေရှင်ရိုသေအဖြစ်ထင်ပေါ်ကျော်ကြားဂုဏ်သတင်းမွှေးသူဖြစ်သည်။ရုပ်ရည်ချောမော ပြီး၊လူမှုရေးစိတ်ဓာတ်အပြည့်ရှိသူ ကိုကျော်သူ၏ လူမှုရေးလုပ်ရပ်ကြောင့် နအဖအတွက် အရှက်ရစေခဲ့သူဖြစ်သည်။မြန်မာနိုင်ငံစီးပွါးရေးချွတ်ခြုံကျမှုကြောင့် ပြည်သူများ အသုဘစားရိတ်ပင် မရှိသည့် ဘဝရောက်နေရခြင်းကို၊ကိုကျော်သူကကူညီဆောင်ရွက်ပေးသဖြင့် ကမ္ဘာသိ နအဖတို့ အရှက်ရစေခဲ့သည်။ ထို့ကြောင့် အကယ်၍ ရွေးကောက်ပွဲ ကော်မီရှင်တွင် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်များကို ရွေးချယ်လျှင်ကို ဇာဂနာနှင့် ကိုကျော်သူတို့ ထိပ်ဆုံးမှ ပါသင့်သည်။ အကယ်၍ ကိုကျော်သူကိုကော်မရှင် ဥက္ကဌ တင်ပါက ပြည်သူတို့ ထိုကော်မရှင်ကို ယုံကြည်မှုရရှိလာနိုင်သည်။ သို့ရာတွင် နအဖ၏ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်း ရှိသူတို့မှာ မဆလ၊ နဝတ၊ နအဖ လက်အောက်တွင် ၎င်းတို့

အလိုကျ လုပ်ကိုင်ပေးသည့် တရားသူကြီးများ၊ဗိုလ်မှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခများဖြစ်ဖို့ များသည်ဟု သုံးသပ်သည်၊ ၎င်းတို့ ရွေးချယ်လိုအပ်သောပုဂ္ဂိုလ်များသည်အမှတ်တရားထက် နအဖအလိုရှိသော လမ်းသို့ မျက်စိမှိတ် ထောက်ခံအတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းတို့ကို လုပ်မည့် ရုပ်သေးကော်မီရှင်သာဖြစ်သည်ဟုတထစ်ချပြောနိုင်ပါသည်။နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ။၎င်းဥပဒေသည်လာမည့်ရွေးကောက်ပွဲသည် မည်ကဲ့သို့ ရွေးကောက်ပွဲဖြစ်သည်ဟု ကွက်ကွက်ကွင်းကွင်း ဖေါ်ပြခဲ့သည်။ ၎င်းမှာ အတိုက်အခံပါတီများအား နည်းမျိုးစုံသုံး၍ ဖိနှိပ်ချုပ်ချယ်ထားသော ဥပဒေပုဒ်မများ မွန်းကြပ်စွာ ပါရှိနေခဲ့ပေသည်။အခန်း (၁) အပိုင်း (ဍ) ၌ သာသနာ့ဝန်ထမ်းကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ဗုဒ္ဓဘာသာ၊ ခရစ်ယန်နှင့်ဟိန္ဒူဘာသာတို့ကိုသာဖော်ပြ၍ အစ်ဆလမ်ဘာသာဝင်တို့ကို မဖေါ်ပြဘဲ ထိမ်ချန်ထားခြင်းသည် ထူးခြားချက်တခုဟုမြင်သည်။ဖြစ်နိုင်သည်မှာဘာသာရေးခေါင်းဆောင်များနိုင်ငံရေးတွင်ပါဝင်ပတ်သက်ခြင်းမရှိစေရဆိုသည့်သတ်မှတ်ချက်သည်အစ်စလမ်ဘာသာဝင်မူဆလင်များနှင့်အကြုံးမဝင်ဖြစ်နေ၍ချန်လုပ်ထားခြင်းလည်းဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် အစ်စလာမ် ဘာသာသည် ဘာသာရေးသက်သက်မဟုတ်ဘဲ နိုင်ငံရေးအာဏာရယူနိုင်သည်အထိ ခွင့်ပြုထား၍ ဖြစ်သည်။ နအဖအနေနှင့် အစ်စလာမ်ဘာသာဝင်မူဆလင်များနှင့် ထိပ်တိုင် ရင်မဆိုင်လို၍လည်းကောင်း၊ အနောက်နိုင်ငံများကို ဖား၍ မူဆလင်များကိုမျက်ကွယ်ပြုသရောင်ပြု၍လည်းကောင်းဖြစ်နိုင်ချေရှိသည်ဟုသုံးသပ်သည်။

အခန်း (၁) ၏ နောက်ဆုံးစာပိုက်နိူက် " ထောင်ဒဏ်ကျခံနေရသူ ဆိုသည်မှာ တရားရုံးတခုခု၏ စီရင်ချက်အရ ထောင်ဒါဏ်ကျခံနေရသူကိုဆိုလိုသည်။" ယင်းစကားရပ်တွင် သက်ဆိုင်ရာတရားရုံး၏ ထောင်ဒဏ်စီရင်ချက်ကို မကျေနပ်၍အယူခံမှုသို့မဟုတ်ပြင်ဆင်မှု လျှောက်ထားသော ထောင်ဒါဏ် ကျခံနေရဆဲဖြစ်သူလည်းပါဝင်သည်။ ဟုဆိုထားသည်။ ၎င်းအချက်သည် ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ရိုက် ရည်ညွှန်း၍ ရေးသားထားခြင်းဟု ဆိုရမည်ဖြစ်သည်။အခန်း (၂) တွင် " နိုင်ငံရေးပါတီ တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း" ခေါင်းစဉ်အောက်တွင်နိုင်ငံရေးပါတီတည်ထောင်လိုသူများသည် ပိုဒ်မ (၄) နှင့် ပတ်သက်သော အရည်အချင်းပြည့်မှီ၍အပိုဒ်(၆)တွင်သတ်မှတ်ပြဌာန်းထားသော အချက်အလက်များကို လက်ခံ ဝန်ခံ လက်မှတ်ရေးထိုးရမည်ဟုမတရားဥပဒေသများသတ်မှတ်ချက်များဖြင့်ချုပ်ထားကြောင်းတွေ့ရသည်။ထို့ကြောင့် အပုဒ်(၄)တွင်နိုင်ငံရေးပါတီများအတွက်လိုအပ်ချက်(က)မှ(ဇ)အထိ (၈) ချက်ကို ထည့်သွင်းထားကြောင်း တွေ့ရပြီး ၎င်း (၈) ချက်ထဲမှ အချက် (ဃ)၊ (င)၊ (စ) တို့သည် အတိုက်အခံတို့ကို ဖိနှိပ်ချူပ်ချယ်ထားသောပြဿနာရှာနိုင်ရန်ပျိုးထားသောအချက်များဖြစ်သည်။(ဃ)တွင် နိုင်ငံဝန်ထမ်း မဟုတ်ခြင်းဟု ဆိုထားသည့်နိုင်ငံဝန်ထမ်းများပါတီထောင်ခွင့်မရှိဆိုသည်မှာအရပ်သားဝန်ထမ်းများကိုသာ ဆိုလိုရင်းဖြစ်ပြီး ကြည်း၊ ရေ၊ လေ တပ်မတော်သားများကိုမူ ချွင်းယွင်းချက်အဖြစ် ပါဝင်ခွင့် ပေးထားခြင်းကို ကြည့်လျှင် နအဖ ဥပဒေသည် လိုတမျိုး၊ မလိုတမျိုး ဥပဒေဖြစ်နေသည်ကို တွေ့ရှိရသည်။ အထဲက ရည်ရွယ်ချက်မှာ ဝန်ထမ်းများအတိုက်အခံပါတီများဘက်သို့ ပါမသွားစေရန် တမင်ညစ်၍ ဥပဒေထုတ်တားမြစ်လိုက်ခြင်းပင်ဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်အား ပြောင်ပိတ်ပင်သော အချက်ကို (င) တွင် ဖေါ်ပြထားသည် " ထောင်ကျ အကျဉ်းခံနေရသူမဟုတ်ခြင်း"ဆိုသည်မှာဒေါ်အောင်ဆန်းစုကြည်ကိုတိုက်ရိုက်ရည်ညွှန်း၍ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်။ထို့အပြင်စိတ်ဓာတ်ပြင်းထန်ပြီးစည်းရုံးစွမ်းရည်ရှိသောထောင်ကျနေသည့်လွှတ်တော်ကိုယ်စားလှယ် များအတိုက်အခံခေါင်းဆောင်များကိုလည်း တချက်ခုတ်နှစ်ချက်ပြတ် ဆီးတားထားလိုက်ခြင်းပင်ဖြစ်သည်။ ဤအချက်သည်အလွန်ရေးကြီးသည်၊အကယ်၍ NLD ပါတီကမှတ်ပုံတင်မည်ဆိုလျှင်ဒေါ်အောင်ဆန်းစုကြည်နှင့် ပါတီဗဟိုကောမီတီဝင်(၁၁)ဦးပါတီမှ ထုတ်ပယ်ပစ်ရမည်ဖြစ်သည်။ ထိုမှသာ NLD ပါတီအနေနှင့် တရားဝင်မှတ်ပုံတင်ခွင့်ရမည်ဖြစ်ပြီးစည်းရုံးရေးဆင်းနိုင်မည်ဖြစ်သည်။

(စ) တွင် လက်နက်ကိုင်အဖွဲ့အစည်းများမှ အစ အစိုးရ ဆန့်ကျင်သော အဖွဲ့အစည်းများနှင့် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ အကူအညီပေးနေသော သို့ ဆက်သွယ်သောသူ မဟုတ်ခြင်းဟု ဆိုထားသည်၊ ၎င်းအချက်သည်အတိုက်အခံ ပါတီများကို လိုအပ်လျှင် လိုအပ်သလို အပြစ်ရှာနိုင်ရန် အစပျိုးထားခြင်းဖြစ်သည်။တောခိုခဲ့ဘူးသူတယောက်နှင့် လက္ဘက်ရည်ဆိုင်တွင် အလ္လာပသလ္လာပ စကားပြောခဲ့မိလျှင်ပင်စွဲချက်တင်၍ထုက်ပယ်နိုင်သည်။

အဓိက ထောင်ချောက်မှာ ပုဒ်မ (၆)တွင် ဖြစ်သည်။ ပုဒ်မ (၆) အပိုင်း (ဂ)တွင် " ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရေး" ဟု ဆိုထားပြီး ဝန်ခံချက်ကိုပါ ပေးရမည်ဟုဖေါ်ပြထားသည်။ ထို့ကြောင့် ၎င်းအချက်သည် NLD ပါတီ၏ ရွှေဂုံတိုင်ကြေငြာချက်ကို နအဖမှ လုံးဝမစဉ်းစားတော့ကြောင်းအဖြေပေးလိုက်ခြင်းပင်ဖြစ်သည်။နိုင်ငံရေးပါတီများအားလုံးသဘောတူရေးဆွဲထား သောအခြေခံဥပဒေဖြစ်နေလျှင်၎င်းရေးသားဖေါ်ပြချက်ကို ငြင်းပယ်ရန်မရှိသည့် အပြင် အဓိပ္ပါယ်ရှိသည့် ပုဒ်မတရပ်ဖြစ်ပေလိမ့်မည်။သို့ရာတွင် ၂၀၀၈ အခြေခံဥပဒေသည် နအဖမှ ဦးစီး၍ တဖက်သတ်ရေးဆွဲထားသည့်အခြေခံဥပဒေဖြစ်ခြင်း၊အခြေခံဥပဒေရေးဆွဲရာ၌ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအများစုကြီးမပါဝင်ခဲ့ခြင်း၊ပြည်သူလွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲအတည်ပြုပေးခဲ့သည့်အခြေခံဥပဒေမဟုတ်ခြင်း၊ဒီမိုကရေစီကျင့်စဉ်နှင့် ဆန့်ကျင်သော စစ်အုပ်ချုပ်ရေးကို စောင်းပေးထားသည့်ဥပဒေဖြစ်ခြင်း တိုင်းရင်းသားလူမျိုးစုတို့၏ အခွင့်အရေးကို စဉ်းစားခြင်းမပြုဘဲ မိမိစိတ်ကြိုက်ရေးဆွဲထားခြင်းတို့ကြောင့် ၎င်းအခြေခံဥပဒေအပေါ် သစ္စာစောင့်သိပါမည်ဟု ပြောဆိုရန် ဒီမိုကရေစီအင်အားစုတို့အတွက် ကြီးမားသော စိန်ခေါ်မှုပင် ဖြစ်သည်။ NLD ပါတီအနေနှင့် ထိပ်တိုက်ရင်ဆိုင်မည်လော?ခေါင်းငုံ့ဝင်မည်လောဆုံးဖြတ်ရပေလိမ့်မည်။
ပုဒ်မ (၆) အပုဒ် (ဃ) " လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့် ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့် ရေးသားမှု၊ဟောပြောမှု၊သို့မဟုတ်စည်းရုံးလှုံ့ဆော်မှုမပြုလုပ်ရေး" ဟု ရေးသားထည့်သွင်းထားခြင်းသည် ရွေးကောက်ပွဲနိုက်လွတ်လပ်စွာစည်းရုံးလှုံ့ဆော်ခွင့်၊ လွတ်လပ်စွာ ဝေဘန်ပြောဆိုခွင့်၊ လွတ်လပ်စွာရေးသား

ထုတ်ဝေခွင့်တို့မပြုလုပ်ရဟုဆိုလိုက်ခြင်းပင်ဖြစ်တော့သည်။

ရွေးကောက်ပွဲမကျင်းပခင် နိုင်ငံရေးပါတီများ လူထုထံဆင်း၍ မဲဆွယ်ရာ၌ မိမိပါတီကောင်းကြောင်း၊ မည့်ကဲ့သို့လမ်းစဉ်ဖြင့် သွားမည်ဖြစ်ကြောင်း၊ ပြည်သူတို့အတွက် မည်ကဲ့သို့အကျိုးများအောင် လုပ်ဆောင်မည်ဖြစ်ကြောင်းတို့ကိုကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ရှုဒေါင့်မျိုးစုံမှ ရှင်းလင်းတင်ပြသလို မိမိပြိုင်ဘက်နိုင်ငံရေးသမားတို့၏ချို့ယွင်းချက် အပြစ်အနာအဆာများကိုလည်း တင်ပြပြီး၊ မိမိသည် သူထက်သာကြောင်းအမြင်ကျယ်ကြောင်း၊အကျင့်စာရိတ္တကောင်းကြောင်း၊ တိုင်းပြည်အတွက် မည်မျှ ကိုယ်ကျိုးစွန့် အနစ်နာခံပြုလုပ်ခဲ့ကြောင်းတို့ကို တင်ပြနိုင်သည်။ ၎င်း၏ တင်ပြချက်မမှန်လျှင် အတိုက်အခံဘက်မှ ပြန်လည်ချေပခြင်းအပြင် သိက္ခာချမှုဖြင့် တရားစွဲဆိုပိုင်ခွင့်ရှိသည်။ နအဖနှင့် ရွေးကောက်ပွဲကော်မီရှင်မှ ဟိုဟာမလုပ်ရ ဒီဟာမလုပ်ရ၊ ပြဿနာဖြစ်မည်ဟု ကြိုတင်ကန့်သတ်ခြင်း၊ ချုပ်ချယ်ခြင်းသည်ဒီမိုကရေစီကျင့်စဉ်နှင့်မညီဘဲဒီမိုကရေစီကျင့်စဉ်ကိုဝင်ရောက်စွက်ဖက်ပိတ်ပင်ခြင်းဖြစ်သည်။ ဤအချက်သည်လွတ်လပ်တရားမျှတသောရွေးကောက်ပွဲမဖြစ်နိုင်ကြောင်းမီးမောင်းထိုးပြလိုက်သည့်အဓိကအချက်ကြီးတခုပင်ဖြစ်သည်။နအဖရွေးချယ်ပေးလိုက်သောကိုယ်စားလှယ်လောင်းများကိုဝေဘန်မှုမပြုနိုင်ရန်ကာကွယ်သည့်ဥပဒေလည်းဖြစ်သည်။အတိုက်အခံအင်အားစုတို့မဲဆွယ်တရားဟောသည့်အခါဖြိုခွင်းရန်စွမ်းအားရှင်အုပ်စုများကိုအောင်သောင်းက ဝါးရင်းတုတ်တပ်များဖွဲ့၍ လေ့ကျင့်နေသည့် သတင်းလည်း ထွက်ပေါ်နေသည်။ အတိုက်အခံကိုယ်စားလှယ်လောင်းများကို အကြမ်းဖက်ရိုက်နှက်၍ မိမိဂုဏ်သိက္ခာကျဆင်းစေသော အပြောအဆိုကြောင့် မိမိကိုထောက်ခံသူများက မခံမရပ်နိုင်ဖြစ်၍ ပဋိပက္ခဖြစ်ရပါသည်ဟု ချေပနိုင်ရန်ကို ဥပဒေက ထုတ်ပြန်ထားခြင်းဖြစ်နိုင်ချေရှိသည်။ဒီပဲယင်းအရေးခင်းတွင် ခံရသူဘက်မှ ခေါင်းဆောင်များ နေအိမ်ကျယ်ချုပ်ကျပြီး၊ တရားခံများ အပြစ်မှလွတ်နေသည့်သာဓကရှိခဲ့သည် မဟုတ်လော။

ပုဒ်မ (၆) အပုဒ် (င)၌ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားမပြုလုပ်ရေးဟု ဆိုထားပြန်ပါသည်။ ဘာသာရေးအလွဲသုံးစားပြုနေသည်မှာ နအဖဖြစ်သည်။ သံဃာမဟာနာယက အဖွဲ့ကြီးကို မော်တော်ကားများ၊ ကျောင်းများ၊ဇရပ်များ၊ လှူဒါန်းဝတ္ထုများ၊ ဘွဲ့ထူးဂုဏ်ထူးများ ပေးကမ်းလာဘ်ထိုးနေကြသူများက ဘာသာရေးကိုနိုင်ငံရေးအတွက်အလွဲသုံးစားမပြုလုပ်ရေးဟု ဆိုသည်မှာ မျိုးချစ်စိတ်ကင်းမဲ့သော စကားသာဖြစ်သည်။နယ်ချဲ့ကိုတော်လှန်ခဲ့ကြသောအရှင်ဥတ္တမ၊ အရှင်ဝိစာရတို့သည် မြန်မာလူမျိုးများ ကြည်ညိုလေးစားသည့်ရဟန်းတော်များမျိုးချစ်ပုဂ္ဂိုလ်များဖြစ်သည်၊ ဘာသာရေးသည် နိုင်ငံရေးနှင့် ဆက်နွယ်နေသည်။ထို့ကြောင့်ဤတားမြစ်ချက်သည်အဓိပ္ပါယ်မဲ့သောတားမြစ်ချက်ဖြစ်သည်။ ပြည်သူတို့ ဆင်းရဲလွန်းမကဆင်းရဲလှသည်ကိုမကြည့်ရက်၍သံဃာတော်များထွက်လာရခြင်းဖြစ်သည်။ထိုပြည့်သူ့ကောင်းစားရေးအတွက်ကိုယ်ကျိုးစွန့်ရပ်တည်လာသောသံဃာတော်များကိုထောက်ခံအားပေးခြင်းသည် နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်းမမည်။ ဤအချက်သည်ရဟန်းသံဃာတော်တို့ပြည်သူ့အကျိုးအတွက် နောက်တကြိမ်ထွက်လာမည်ကိုကြိုတင်၍ကန့်ထားလိုက်ခြင်းဖြစ်သလိုနိုင်ငံရေးပါတီများကိုလည်းဘာသာရေး

တက်ကြွသူ ရဟန်းပျိုများထံမှ ထောက်ခံမှုရခြင်းရှိလျှင် ဤပုဒ်မမှ အချက်ဖြင့် နိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းနိုင်ရန်ကြိုင်တင်၍စီရင်ထားခြင်းဖြစ်သည်ဟုမြင်သည်။ပုဒ်မ (၆) အပုဒ် (စ)၌ နိုင်ငံခြားမှ အကူအညီကို သွယ်ဝိုက်၍ဖြစ်စေတိုက်ရိုက်ဖြစ်စေရယူခြင်းနှင့်နိုင်ငံခြားသြဇာခံခြင်းတို့ မပြုရေးကို ဝန်ခံရမည်ဟုဆိုသည်။ ဤအချက်သည်လည်းနိုင်ငံခြားကြောက်ရောဂါစွဲကပ်နေသည့်ဗိုလ်ချုပ်များ၏ သွေးလန့်နေမှုဟု မြင်သည်။ ဗိုလ်ချုပ်များ တစည ပါတီကို နိုင်ငံပိုင်ငွေအလုံးအရင်းနှင့် တဖက်မှ ပံ့ပိုးကူညီပြီး တဖက်မှလည်း NLD ပါတီကို တင်းကြပ်သော ဥပဒေများဖြင့် ဖိနှိပ်ထားခဲ့သော်လည်း NLD အနိုင်ရသွားခဲ့သည်။ယခုလည်း တစည ပါတီကို ၎င်းတို့ ငွေပုံသြ၍ ပေးလိမ့်ဦးမည်၊ တဖက်မှလည်း အတိုက်အခံပါတီများကို ဖိနှိပ်ထားပြီးပါတီဝင်များ၏ စားဝတ်နေရေးကြပ်တည်းအောင် နည်းမျိုးစုံနှင့် ညစ်ပတ်နေသည်။အတိုက်အခံနိုင်ငံရေးပါတီများနိုင်ငံခြားမှ ထောက်ပံ့ကူညီခွင့်ကိုပြောင်ပေးလိုက်လျှင်၎င်းတို့တစညပါတီထက်ရန်ပုံငွေတောင့်တင်းသွားနိုင်ပြီးမဲရွေးပွဲတွင် အနိုင်ရသွားမည်ကိုအထူးစိုးရိမ်ကြောင့်ကျနေကြကြောင်းဤထုတ်ပြန်ချက်ကဖော်ပြနေသည်။မည်သို့ပင်ဖြစ်စေ ကာမူ၎င်းတို့ပါတီအနိုင်မရနိုင်ဆိုသည့်အခြေအနေဖြစ်လာလျှင်အနိုင်ရပါတီအားနိုင်ငံခြားငွေလက်ခံနေပါသည် ဆိုသည်ကို ဒေါ်လာ ၁၀၀ မျှလောက်နှင့်ပင် အမှုဆင်၍ ဖျက်သိမ်းနိုင်ရန် စီစဉ်ထားသည့် ညစ်နည်းတမျိုးဖြစ်သည်ဟုမြင်သည်။

ပုဒ်မ (၇) နိုင်ငံရေးပါတီအဖြစ်လျှောက်ထားခွင့်မရှိစေရ ဆိုသည့်အချက်ကို ထည့်သွင်းထားပြန်သည်။ ၎င်းအချက် (၇)ချက်ထဲမှ (ဂ) တွင် နိုင်ငံပိုင်ငွေကြေး၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ဖြစ်စေရယူသုံးစွဲသည့် အဖွဲ့အစည်း ဟု ဆိုထားပြီး အခန်း (၃)တွင် ပုဒ်မ ၁၂၊ အပုဒ် (၅) အောက်တွင်ခြွင်းချက်(၂)၌နိုင်ငံပိုင်မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်းဟူသော စကားရပ်တွင် ထိုပါတီ၌ ပါဝင်သောပုဂ္ဂိုလ်များအားဥပဒေအရပ်ရပ်ရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း နိုင်ငံတော်ကသုံးစွဲခွင့်ပြုထားသောသို့မဟုတ်နိုင်ငံတော်ထံမှ အခကြေးငွေဖြင့် ငှါးရမ်းသုံးစွဲသော နိုင်ငံပိုင် မြေ၊ အိမ်၊အဆောက်အအုံနှင့်အခန်းများ၊အခြားအဆောက်အအုံနှင့် အခန်းများ၊ နိုင်ငံပိုင် လေယာဉ်၊ ရထား၊ သင်္ဘော၊မော်တော်ယာဉ်၊ပစ္စည်းစသည်တို့မပါဝင်ဟု ဆိုထားပြန်သည်။ ထိုအခါ " ထိုပါတီ၌ ပါဝင်သော ပုဂ္ဂိုလ်များ" ဆိုရာတွင် မည်သည့်ပါတီကို ဆိုလိုပါသနည်းဟု မေးခွန်းထုတ် လာရသည်။ မည့်သည့်ပါတီမဆို ထိုအခွင့်အရေးကို ရနိုင်ပါလားဟု မေးရမည်ဖြစ်သည်။ နောက်တချက်မှာ " ထိုပါတီ၌ ပါဝင်သောပုဂ္ဂိုလ်များအား ဥပဒေတရပ်ရပ်အရသော်လည်းကောင်း၊ တာဝန်အရသော်လည်းကောင်း နိုင်ငံတော်အသုံးပြုခွင့် ပေးထားသော" သည့် အပိုဒ်သည် မည်သူ့ကို ရည်ညွှန်းပါသနည်း။ မည်သည့်တာဝန်ကို နိုင်ငံတော်ကပေးထားသနည်း၊ နိုင်ငံတော်ဆိုသည်မှာ မည့်သည့်အဖွဲ့အစည်းကို ခေါ်ဆိုသနည်း၊ ဥပဒေတရပ်ရပ်ကသော်လည်းကောင်းဆိုသည်မှာ မည်ကဲသို့သော ဥပဒေမျိုးနည်း စသည်ဖြင့် မေးရမည့် မေးခွန်းများထွက်ပေါ်လာပါသည်။ဤအချက်များကို နအဖမှ ရှင်းလင်းစွာပြည်သူလူထုကို ချပြလို့ အထူးလိုသည်ဟုသုံးသပ်ပါသည်။

ဤအချင်းချက် (၂) အရ ရွေးကောက်ပွဲကာလအတွင်း တစည ပါတီသည် နိုင်ငံပိုင်ငွေကြေး၊ အဆောက်အအုံ၊ မော်တော်ယာဉ်၊ လေယာဉ်ပျံ၊ သင်္ဘော၊ ရထားတို့ကို ဖေါ်ဖေါ်သီသီတာဝန်အရ အသုံးချပိုင်ခွင့်ကို ရရှိမည့် တခုတည်းသောပါတီဤဥဒေအရဖြစ်လာနိုင်ချေအများကြီးရှိကြောင်းသုံးသပ်မိပါသည်။

ချွင်းချက် (၁) တွင်လည်း " နိုင်ငံပိုင် ငွေကြေးဟူသော စကားရပ်တွင် ထိုပါတီ၌ ပါဝင်သော ပုဂ္ဂိုလ်များ၏ အငြိမ်းစားလစာစရိတ်၊ ငွေကြေးသော်လည်းကောင်း၊ နိုင်ငံအကျိုးအတွက် ဆောင်ရွက်သဖြင့် နိုင်ငံတော်က တရားဝင်ချီးမြင့်ထားသော လစာစရိတ်၊ ငွေကြေးသော်လည်းကောင်း မပါဝင်" ဟု ပါရှိသည်။

အဓိက ရည်ရွယ်ချက်မှာ နဝတ၊ နအဖ လက်ထက် နှစ် (၂၀) အတွင်း ပြည်သူလူထုကြီးကို ရက်စက်စွာ ဖိနှိပ်ခဲ့သည့်ဗိုလ်မှူးကြီးများ၊ ဗိုလ်မှူးချုပ်များ၊ တရားသူကြီးများ၊ အစိုးရခန့် ဝန်ကြီးများ နှစ် (၂၀) အတွင်း ခြစားမှု အမျိုးစုံဖြင့်သန်းကြွယ်သူဌေးကြီးများ ဖြစ်လာကြသည်။ နိုင်ငံပိုင်ငွေကို ဘုံးထားပြီး ကိုယ်ပိုင်ငွေအဖြစ် ခိုးယူထားကြသည်ကိုဖုံးကွယ်ပေးရန် ထုတ်ပြန်သည့် ဥပဒေဖြစ်နိုင်ချေရှိသည်။ ထိုလူသတ်သမားများ၊ အပြစ်မဲ့ပြည်သူများကိုထောင်ဒဏ်ချမှတ်သည့် တရားသူကြီးများကို နိုင်ငံ (နအဖ) အကျိုးကို ဆောင်ရွက်သူများအဖြစ်ပင်စင်လစာကောင်းကောင်းပေးထားခြင်း၊ နိုင်ငံတော် (နအဖ) မှ ဆုငွေများချီးမြှင့်ခြင်း (အိမ်၊ကား၊စီးပွားရေးလုပ်ငန်း)မှရသောငွေများကို ရွေးကောက်ပွဲတွင် သုံးစွဲနိုင်ခွင့်ရှိသည်ဟု ဆိုလိုသည်ဟု မှတ်ယူမိသည်။အခန်း(၃) ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း ခေါင်းစဉ်အောက် အပုဒ် (၆)တွင် ပုဒ်မ (၁၀) ပါ အချက်တရပ်ရပ်နှင့်ကိုက်ညီချင်းမရှိသော သူများကို ပါတီဝင် အဖြစ်မှ ထုတ်ပယ်ခြင်း မပြုဘဲ တမင်ထိန်ချန်ထားခြင်း ထောင်ကျခံနေရသော ပါတီဝင်များကို ပါတီမှ ထုတ်ပယ်ပစ်မှသာ NLD ပါတီ နှင့် SNLD ပါတီတို့ တရားဝင်ရပ်တည်ခွင့်ရှိမည်ဟု ဆိုလိုရင်းဖြစ်ကြောင်း သုံးသပ်မိသည်။

တဖန်နိုင်ငံရေးပါတီတခုသည်မဲဆန္ဒနယ်အနည်းဆုံးသုံးနယ်တွင်မိမိပါတီမှလွှတ်တော်ကိုယ်စားလှယ်လောင်းများယှဉ်ပြိုင်မှုမပြုနိုင်လျှင်နိုင်ငံရေးပါတီအဖြစ်မှပယ်ဖျက်ခံရမည်ဟုဆိုထားသည်။ဤအချက်သည်နိုင်ငံရေးပါတီတည်ထောင်ခြင်းသည်ရွေးကောက်ပွဲဝင်ရန်သက်သက်သာဖြစ်ကြောင်းသဘောသက်ရောက်နေသည်။ ရွေးကောက်ပွဲဝင်ခြင်းမဝင်ခြင်းသည်နိုင်ငံရေးပါတီတခု၏ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြစ်သည်။နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားသော်လည်းရွေးကောက်ပွဲဝင်ရန်အခြေအနေမပေး၍မဝင်ခြင်းများလည်းရှိသည်။အခြားနိုင်ငံများတွင်နိုင်ငံရေးပါတီများရွေးကောက်ပွဲမဝင်ခြင်းကြောင့်ဖျက်သိမ်းခံရသည်ဟုမကြားဘူးချေ။ဒီမိုကရေစီကျင့်စဉ်အရရွေးကောက်ပွဲသည် တရားမျှတမှုမရှိဟု ယူဆလျှင် ရွေးကောက်ပွဲ မဝင်ရန် နိုင်ငံရေးပါတီတခုက ဆုံးဖြတ်ပိုင်ခွင့်ရှိသည်၊ ရွေးကောက်ပွဲကို သပိတ်မှောက်ပိုင်ခွင့်ရှိသည်။ ထိုအတွက် ထိုပါတီကို ဖျက်သိမ်းမည်ဟု ဆိုခြင်းသည် ဒီမိုကရေစီကျင့်စဉ်ကို စော်ကားခြင်းဖြစ်သလို၊ ထိုပါတီ၏ ရပ်တည်ပိုင်ခွင့်ကိုလည်း တရားလက်လွတ်အာဏာလွန်ဖိနှိပ်ရာရောက်ကြောင်းဝေဘန်ထောက်ပြလိုသည်။

၁၉၉၀ ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီပေါင်း ၁၀၀ ကျော်မှတ်ပုံတင်ခဲ့ကြသည်၊ နဝတမှ ပြည်သူများကို မျက်စိလည်စေရန်၊ စိတ်ရှုပ်ထွေးစေရန် နည်းပရိယာယ်သုံးခဲ့သော်လည်း ပြည်သူတို့က NLDကိုသာ ပုံအော မဲပေးခဲ့ကြသည်။ယခု၂၀၁၀ တွင်မူ နအဖက ပုံစံပြောင်း၍ နိုင်ငံရေးပါတီများနည်းနိုင်သမျှ နည်းစေရန် စီမံထားသည်။ဖြစ်နိုင်ချေရှိသည်မှာနှစ် ၂၀ ကျော်ကြာ နဝတ/ နအဖ၏ ညစ်နည်းမျိုးစုံအောက်တွင် နေနေခဲ့ကြသောပြည်သူလုထုကြီးသည်နအဖ၏လိမ်နည်းမျိုးစုံ၊ကလိမ်ကကျစ်နည်းပေါင်းစုံတို့ကိုသိနေကြပြီဖြစ်သည်။ထို့ကြောင့်တရားမျှတသောရွေးကောက်ပွဲကိုပြုလုပ်ပေးလျှင်၎င်းတို့၁၉၉၀ခုနှစ်ကကဲ့သို့ရှုံးနိမ့်နိုင်ကြောင်း သိနေကြသဖြင့်၂၀၁၀တွင် ပြောင်ညစ်ပတ်စွာဖြင့် လူမိုက်ဆန်ဆန်မဲ နိုင်အောင် ကြိုးစားမည့် ရွေးကောက်ပွဲဟုမြင်သည်။

အခန်း(၄) တွင် ပါတီများ၏ ငွေစာရင်းကို ပြုစုထားရမည် မည်သူထံမှ မည်မျှရမည်တို့ကို စာရင်းပြုထားရမည်ဟုဆိုသည်မှာ အတိုက်အခံပါတီများကို ထောက်ခံသူများကို သိရှိရန်နှင့် လိုအပ်လျှင် ဒုက္ခပေးနိုင်ရန်စီစဉ်မှုသည်အဓိကဟုမြင်သည်။ အခန်း (၅) အထွေထွေ ကဏ္ဍ (က) ရွေးကောက်ပွဲကော်မီရှင်၏ ဆုံးဖြတ်ချက်သည် အပြီးအဖြစ်စေရမည်။ (ခ) မည့်သည့် တရားရုံးတွင်မျှ တရားစွဲဆိုပိုင်ခွင့် မရှိစေရဟု ဆိုထားခြင်းသည် ရွေးကောက်ပွဲ ကော်မရှင်ကို နအဖ တော်ကောက်ထားသော ရုပ်သေးများဖြင့် ဖွဲ့စည်း၍ ဆုံးဖြတ်ခွင့် အာဏာကုန်ပေးထားပြီး ၎င်းတို့ အလိုကျ ဆုံးဖြတ်ချက်များကို ရွေးကောက်ပွဲကာလတွင် ချမှတ်နိုင်ရန် စီစဉ်ထားခြင်းသာဖြစ်သည်။ အကယ်၍ မတရားဆုံးဖြတ်ခဲ့လျှင်လည်း အယူခံဝင်၍မရဟုတခါတည်းပိတ်ထားလိုက်ခြင်းဖြစ်သည်။

နိဂုံးအားဖြင့် မတ်လ (၈) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော (၅) တရားဥပဒေများသည် ပြည်သူလူထု ကြည်ညိုသောဒေါ်အောင်ဆန်းစုကြည်၊ ဦးခွန်ထွန်းဦးတို့ အပါအဝင် ခေါင်းဆောင်များ ရွေးကောက်ပွဲကာလတွင် မပါဝင်နိုင်ရန်နှင့်၎င်းတို့ပါတီမှပင် ထုတ်ပယ်ခြင်းခံရရန် ဖိအားပေးပြုလုပ်ထားသည့် ဥပဒေများပင်ဖြစ်သည်။ အခန်း(၂)ပုဒ်မ ၆ တွင်ပါရှိသည့် ၂၀၀၈ အခြေခံဥပဒေကို လေးစားလိုက်နာ စောင့်ရှောက်ပါမည် ဆိုသည့် ဝန်ခံချက်ကို(၄)ကြိမ်တိတိဖေါ်ပြခဲ့ခြင်း နအဖအနေနှင့် ၎င်းတို့ တဖက်သတ်ရေးဆွဲထားသော အခြေခံဥပဒကို မည်သို့မည်မျှပြင်ဆင်ရန်စိတ်ဆန္ဒမရှိကြောင်းပြောပြလိုက်ခြင်းဖြစ်သည်။

နအဖသည် သူထွင်ထားသည့်လမ်းကို ညှိနှိုင်းမှု မလုပ်ဘဲ ဇွတ်အတင်း သွားမည့်သဘောကိုပြသည်။ သူတို့အား တရုတ်၊ ရုရှား၊ အိန္ဒိယနှင့် အာဆီယံတို့က ထောက်ခံအားပေးနေခြင်းကြောင့် နိုင်ငံတကာဖိအားကို အလေးထားစရာမလိုဟု မှတ်ယူနေဟန်ရှိသည်။ ထို့ကြောင့် အမေရိကန်နှင့် အနောက် ဥရောပ နိုင်ငံများအနေနှင့်နအဖအားလုံးဝပိတ်ဆို့ရေးကို ပြုလုပ်ရန်အချိန်ကျပြီဟု ဆိုချင်သည်။ စီးပွားရေးပိတ်ဆို့မှု အပြင်လက်နက်တင်ပို့မှုပိတ်ဆို့ရေး၊ဘဏ်ရှိငွေများကို ထိန်းချုပ်ရပ်ဆိုင်းထားရေးတို့ကို ပြုလုပ်ပြီး တဖက်မှလည်းဒီမိုကရေစီအင်အားစုတို့ကိုကူညီထောက်ပံ့ဘို့လိုပေသည်။

ယခုအချိန်သည် NLD အနေနှင့် တပ်ပေါင်းစု ဖွဲ့စည်းရမည့်အချိန်ဖြစ်သည်။ တစုတည်းသော တပ်ပေါင်းစုကို ဖွဲ့စည်း၍ကြားဖြတ်အစိုးရကို အချိန်ကျလာသည့်နှင့် ဖွဲ့စည်းနိုင်ရန် ပြင်ဆင်ထားသင့်သည်။ NLD အနေနှင့် ဒေါ်အောင်ဆန်းစုကြည်ကို ခေါင်းဆောင်အဖြစ် ဆက်လက်ထားရှိပြီး မှတ်ပုံတင်သင့်သည်။ ၎င်းမှတ်ပုံတင်သည့်အခါသတ်မှတ်ထားသည့် ဥပဒေနှင့် မညီ၍ ပါတီကို ဖျက်မည်ကို စိုးရိမ်စရာမလိုဟုမြင်သည်။ နအဖ၏ မတရားဥပဒေတို့ဖြင့် ပါတီကို ဖျက်သိမ်းစေကာမူ NLD ပါတီသည် ဆက်လက်တည်ရှိနေမည်သာဖြစ်သည်။ပြည်သူတို့ကလည်း ဆက်လက်ထောက်ခံနေမည်သာဖြစ်သည်။ နအဖအနေနှင့် NLD မပါဘဲ ရွေးကောက်ပွဲကို တဖက်သတ်လုပ်ရဲပါမည်လောဟု ပြန်လည်စဉ်းစားစေချင်သည်။ NLD ပါတီအား ထုတ်ပစ်လိုက်ပါက ကမ္ဘာ့အလယ်တွင် နအဖ၏ ရွေးကောက်ပွဲသည် အတုအယောင် ရွေးကောက်ပွဲဖြစ်သည်ဟု မီးမောင်းထိုးပြလိုက်သကဲ့သို့ဖြစ်သလို ၎င်းရွေးကောက်ပွဲကိုလည်း နိုင်ငံတကာမှအသိအမှတ်ပြုလိမ့်မည်မဟုတ်ချေ။ ထို့ကြောင့် NLD အနေနှင့် ရဲရင့်ပြတ်သားဖို့လိုပြီဟု ထင်မြင်ယူဆမိသည်။NLD အနေနှင့် ပြည်သူကို ယုံကြည်မှု ရှိဘို့လိုသည်။ ရှေ့ထွက်တိုးရဲဖို့လိုသည်၊ ပြည်သူတို့သည်နအဖ၏ဖိနှိပ်မှုကိုခံးသည်းလှပြီဖြစ်သည်၊ ဦးဆောင်မည့် ခေါင်းဆောင်ကို မျှော်သည် NLD ရှေ့ထွက်မလား?ဟုကြည့်နေကြသည်။

ဗကသကို ပြည်လည်ဖွဲ့စည်းသည့် မိန့်ခွန်းကို ရန်ကုန်တက္ကသိုလ် ဗိုလ်အောင်ကျော် လူရှေ့တွင်ယခင် တက္ကသိုလ်သမဂ္ဂ အဆောက်အဦဟောင်း ကွက်လပ်တွင် မင်းကိုနိုင် ပြောကြားချက်ထဲတွင် " အာဏာရှင်နံရံက ပါးပြီး တုန်ခါနေတဲ့အခါကျွန်တော်တို့ ဦးခေါင်းနဲ့ နံရံကို တိုက်ပြီးဖြိုနိုင်ပါတယ် " လို့ ပြောခဲ့ပါသည် အခုအချိန်ရောက်ပြီလို့ဆိုပါရစေ။

ထွန်းအောင်ကျော်
ဥက္ကဋ္ဌ
လွတ်လပ်သော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း